myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 30, 2019 Volume 21, Number 20

**၃၀.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၂၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၈၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၉/ကျပ် |
| CBM Rate | = ၁၅၀၉.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၁.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၆.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၂၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၆၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## အမရပူရ တပ်ကြီးကျေးရွာ၌ ရွှံ့ဖြင့်ပြုလုပ်သော မြန်မာ့ရိုးရာ အိုးပုတ်လုပ်ကိုင်သူများ ယခင်နှစ်များထက် ပိုမိုလုပ်ကိုင်လာရ



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးကျေးရွာတွင် ရွှံ့ဖြင့်ပြုလုပ်သော မြန်မာ့ရိုးရာအိုးပုတ်လုပ်ကိုင်သူများ ယခင်နှစ်များထက် ပိုမိုလုပ်ကိုင်လာရကြောင်း အိုးပုတ်လုပ်ကိုင်သူများထံမှသိရသည်။

အမရပူရမြို့နယ် တပ်ကြီးကျေးရွာတွင် ရွှံ့ဖြင့်ပြုလုပ်သော မြန်မာ့ရိုးရာ အိုးပုတ်လေးများ၊ ရေအိုးများ၊ ဆီမီးခွက်များ၊ စုဘူးများစသည်တို့ကို အများဆုံးပြုလုပ်လေ့ရှိရာ လက်ရှိတွင် မန္တလေးမြို့၌ မကြာမီကျင်းပတော့မည့် အိုးပုတ်ပွဲတော်၊ ဘုရားပွဲတော်များနှင့် နတ်ပွဲတော်တွင်ရောင်းချနိုင်ရန် အိုးပုတ်ရုပ်ကလေးများကိုပြုလုပ်၍ စုဆောင်းနေကြပြီးဖြစ်ကြောင်း၊ အိုးပုတ်ရုပ်လေးများကို ပုံမှန်အားဖြင့် ၁၀ မျိုး လောက်သာပြုလုပ်သော်လည်း ပွဲတော် ရာသီများအတွက် အိုးပုတ်အရုပ်ကလေးများကို ၁၈ မျိုးအထိပြုလုပ်ကြောင်း အိုးပုတ်လုပ်ကိုင်သူများ ထံကသိရသည်။

အိုးပုတ်ပွဲတော်က အရင်လိုမဟုတ်တော့ဘူး။ ကြီးကျယ်ပြီး နာမည်လည်းကြီးနေပြီ။ အရင်ကထက်လည်း ပိုလုပ်ကိုင်လာရတယ်။ အရင်တုန်းက အိုးပုတ်ပွဲတော်ဆိုပြီး ဒီလိုမျိုးလူသိများနာမည်မကြီးခဲ့ဘူး။ အိုးပုတ်ပွဲတော်ဆိုတာ ရှိတာပဲသိကြတယ်။ အဲဒီတုန်းက အိုးပုတ်ဆိုမှ အိုးပုတ်ချည်းပဲ ရောင်းချတယ်။ ခုလိုအရုပ်ကလေးတွေ အဆန်းအပြားတွေ မပါခဲ့ဘူး။ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဆင်ရုပ်၊ နွားရုပ်လောက်ပဲ လုပ်ကိုင်ရောင်းချခဲ့တယ်။ ခုနောက်ပိုင်းကျ angry birds, banana စတဲ့ အမျိုးအမည် သုံး၊ လေးခုတိုးချဲ့ပြီး လုပ်ကိုင်လာကြတယ်ဟု တပ်ကြီးကျေးရွာရှိ ပန်းသဇင်မြေထည်ပစ္စည်းရောင်းဝယ်ရေးမှ ဒေါ်မာလာထွေးကပြောဆိုသည်။ ယခင်က အိုးပုတ်ပွဲတော်၊ ဘုရားပွဲတော်များနှင့် နတ်ပွဲတော်တွင် ရောင်းချနိုင်ရန်အတွက် အိုးပုတ် လုပ်ကိုင်သူများထံသို့ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများက မှာယူရာတွင် တစ်ဦးလျှင် အိုးပုတ်မျိုးစုံ ၃၀၀၀၊ ၅၀၀၀ ထိသာ မှာယူရောင်းချရပြီး ယခုအခါတွင် တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများက ပိုမိုမှာယူလာကြရာ အိုးပုတ်လုပ်ကိုင်သူများ အနေဖြင့် တစ်ဦးလျှင် အိုးပုတ်မျိုးစုံ ၁၅၀၀၀၊ ၂၀၀၀၀ အထိ ပိုမိုလုပ်ကိုင်ရောင်းချလာရကြောင်း အိုးပုတ်လုပ်ကိုင်သူများထံကသိရသည်။ ဒီနှစ်က နည်းနည်းအခက်အခဲရှိသွားတယ်။ မနှစ်က အိုးပုတ်ပွဲမတိုင်ခင် ရေမရှိတော့ လုပ်ရကိုင်ရအဆင်ပြေတယ်။ ဒီနှစ်ကျသွားခါနီး ရေတက်လာတော့ သွားလာရခက်ခဲတယ်။ ရေကျသွားတော့ လုပ်မယ်ဆိုတော့ မိုးရွာတော့လုပ်မရဘူး။ ထုတ်လုပ်မှုအပိုင်းမှာ ခါတိုင်းထက်လျော့ကျသွားတယ်ဟု တပ်ကြီးကျေးရွာရှိ ပန်းသဇင်မြေထည်ပစ္စည်းရောင်းဝယ်ရေးမှ ဒေါ်မာလာထွေးက ပြောဆိုသည်။

အိုးပုတ်ရုပ်လေးများ၊ စုဘူးများ၊ ရေအိုးများ၊ ဆီမီးခွက်များစသည်တို့ကိုပြုလုပ်

ရာတွင် ကုန်ကြမ်းအနေဖြင့် တပ်ကြီး ကျေးရွာမြောက်ဘက်ရှိ ရွှေပေါက်ကျွန်းအင်း၊ တပ်ကြီးကျေးရွာ တောင်ဘက်ရှိ မြစ်စုအင်းတို့မှ နွေရာသီရေကျသည့်အခါ မြေများကို နွားလှည်းများ၊ ထော်လာဂျီများဖြင့်တိုက်ယူ၍ အိမ်ထောင်တစ်စုလျှင် လုပ်ငန်းအပေါ်မူတည်၍ နွားလှည်းများ၊ ထော်လာဂျီယာဉ်အခေါက်ရေ ၂၀ မှ ၅၀ အထိဝယ်ယူ၍ ကုန်ကြမ်းများ လှောင်ထားကြပြီး ရာသီအလိုက် တန်ခူးလတွင် အတာအိုး၊ ကဆုန်လတွင် ကဆုန်ညောင် ရေအိုးစသည့်ရာသီအလိုက် ရိုးရာဓလေ့ ပစ္စည်းများကိုပြုလုပ်၍ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းသိရသည်။ မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် တပ်ကြီးကျေးရွာတွင် ရွှံ့ဖြင့်ပြုလုပ် သော မြန်မာ့ရိုးရာ အိုးပုတ်လေးများ၊ ရေအိုးများ၊ ဆီမီးခွက်များ၊ စုဘူးများစသည် တို့ကို ဒုတိယကမ္ဘာစစ်ပြီးချိန်ကတည်းက စတင်ပြုလုပ်လာကြကြောင်း၊ တပ်ကြီးကျေးရွာတွင် အိမ်ခြေ ၃၅၀ ကျော်ရှိသည့် အနက် တစ်ဝက်ခန့်မှာ အိုးပုတ်လုပ်ငန်းလုပ်ကိုင်ကြပြီး ကျန်တစ်ဝက်လောက်မှာ တောင်သူလုပ်ငန်း၊ စက်ရက်ကန်း၊ လက်ရက်ကန်းလုပ်ငန်းများကို လုပ်ကိုင်ကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/126252.html

## အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံတင်သွင်းခွင့် ထပ်တိုးကိုတာသတ်မှတ်ချက်တန်ချိန် ၂ သိန်းအား အတည်ပြုချက်ထုတ်ပြန်ခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၁၉ ခုနှစ်အတွင်း ပဲစင်းငုံတင်သွင်းခွင့် ကိုတာသတ်မှတ်ချက်ကို မူလကတန်ချိန် ၂ သိန်း သတ်မှတားရာမှ နောက်ထပ်တန်ချိန် ၂ သိန်း တိုးမြှင့်ဝယ်ယူမည်ဖြစ်ကြောင်း ဇွန်လ ၁၁ ရက်နေ့၌ စားသုံးသူရေးရာ၊ စားသောက်ကုန်နှင့် ပြည်သူ့ဖြန်ဖြူးရေးရာဝန်ကြီး Mr. Ram Vilas Paswan ကပြောကြားထားခဲ့ပါသည်။ ယခုအခါ အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၃.၇.၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် S.O. No.2322(E) အရ ပဲစင်းငုံတင်သွင်းခွင့် ကိုတာသတ်မှတ်ချက်အား စုစုပေါင်းတန်ချိန် ၄ သိန်းအထိ တိုးမြှင့်တင်သွင်းခွင့်ပြုလိုက်ကြောင်း ပြည်ပကုန်သွယ်မှုညွှန်ကြားရေးဦးစီးဌာန (DGFT) က ၅.၇.၂၀၁၉ ရက်နေ့တွင် ကုန်သွယ်မှု အသိပေးချက် ထုတ်ပြန်လျက် အတည်ပြုလိုက်ပြီဖြစ်ပါသည်။ အဆိုပါကြော်ငြာစာ S.O. No.2322(E) တွင် အိန္ဒိယနိုင်ငံ၏ ၂၀၁၅-၂၀၂၀ နိုင်ငံခြား ကုန်သွယ်မှုမူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် ပဲစင်းငုံအား ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနက သတ်မှတ်သည့်ဘဏ္ဍာရေးနှစ်အတွင်း ကိုတာတန်ချိန် ၄ သိန်းအထိ ကန့်သတ်တင်သွင်းခွင့်ပြုလိုက်ကြောင်း၊ ယခုကန့်သတ်ချက်သည် အစိုးရက နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာအဆင့် လက်မှတ်ရေးထိုးထားရှိသည့် နားလည်မှုစာချွန်လွှာ (MoU)များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ကြော်ငြာစာသည် နိုင်ငံတော်ပြန်တမ်းတွင်ဖော်ပြပါရှိသည့် နေ့ရက်မှစ၍ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပဲစင်းငုံတင်သွင်းခွင့်နှင့်စပ်လျဉ်း၍ မူလသတ်မှတ်ထားသည့် တန်ချိန် ၂ သိန်းအတွက် အပြီးသတ်ကိုတာခွဲဝေမှုကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ကျန်ရှိသော ထပ်တိုးတန်ချိန် ၂ သိန်းအတွက် ပြည်တွင်းရှိ သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်မှ ၁၅ ရက်နေ့အတွင်း အင်တာနက်အွန်လိုင်းမှ ကိုတာလျှောက်လွှာများတင်သွင်းရန် DGFT မှကုန်သွယ်ရေး အသိပေးချက် ထုတ်ပြန်ထားပါသည်။ ထပ်တိုးပဲစင်းငုံကိုတာ တန်ချိန် ၂ သိန်းအား တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီများသည် ၃၁.၁၀.၂၀၁၉ နေ့ အိန္ဒိယနိုင်ငံဆိပ်ကမ်းအရောက် တင်သွင်းရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** www.thehindubusinessline.com

**စီးပွားရေးသံမှူး-အိန္ဒိယ**

## ဆေးဖက်ဝင် အိန္ဒိယဒန့်သလွန်ပင်များ စီးပွားဖြစ်စိုက်ပျိုးရန် စိတ်ဝင်စားမှုများပြား



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာ များတွင် ဈေးကွက်ရှိ ဝင်ငွေကောင်းသော ဆေးဖက်ဝင်အိန္ဒိယ ခြောက်လဒန့်သလွန်ပင်များကို စီးပွားဖြစ် စိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိပြီး ဇူလိုင်လကုန်နှင့် ဩဂုတ်လများအတွင်း မြေပြုပြင် မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းအိန္ဒိယ ခြောက်လဒန့်သလွန်ပင်များကို ရေလွတ် သော တာလမ်းကုန်းမြင့်ဒေသများ၌ မိုးရာသီတွင်လည်း စိုက်ပျိုးဖြစ် ထွန်းလျက်ရှိရာ ၂၅ ရက်သား ဒန့်သလွန်ပင် (အပင်ကြီး) များကို စိုက်ပျိုးပါက မိုးဒဏ်လေဒဏ်ကို ခံနိုင် ကြောင်းသိရ သည်။

အဆိုပါ အိန္ဒိယ ခြောက်လဒန့်သလွန်ပင်များအနက် ဒန့်သလွန်ပင် ၂၅ ရက်သားနှင့်အထက် ဒန့်သလွန်ပင်အပင်ကြီး

များကို မော်လမြိုင်ကျွန်းမြို့ အမှတ် (၉) ရပ်ကွက် ဒန့်သလွန်ပင် ပျိုးထောင်စခန်းတွင် ဒန့်သလွန်ပင်ကြီး ပျိုးထောင်ထားမှုများကို ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီက ပြသထားရာ (ယာပုံ) ကျေးရွာများမှ ဒန့်သလွန်ပင်စိုက်ပျိုးရန် စိတ်ဝင်စားသူများ ကြည့်ရှုကြသည်။ ယင်းအိန္ဒိယ ခြောက်လဒန့်သလွန်ပင်များကို မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလများမှစ၍ တစ်မြို့နယ်လုံး ကျယ်ကျယ်ပြန့်ပြန့်စီးပွားဖြစ် စိုက်ပျိုးမည်ဟုသိရသည်။

**Source:** https://myanmar.mmtimes.com/news/126271.html

## ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့ မှုမှ အမေရိကန်ဒေါ်လာ ၆၁၁ သန်းကျော်ရရှိ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလ ၁ ရက်မှ ဇူလိုင်လ ၇ ရက်အထိ) ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၁၁ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ ယခင်ဘဏ္ဍာနှစ် ကာလတူက ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၅၆၈ ခန့်သာ ရရှိခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော် ပိုမိုရရှိထားခြင်းဖြစ်သည်။ ဒီနှစ်က ရေထွက်ပစ္စည်းတင်ပို့ပိုင်းက တဖြည်းဖြည်းတက်လာနေတယ်ဟု အဆိုပါဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ပြည်ပသို့ ရေထွက်ကုန်များ ပိုမိုတင်ပို့လာနိုင်သည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၌ ရေထွက်ပို့ကုန်ထုတ်လုပ်သည့် အအေးခန်းပါသည့် စက်ရုံအရေအတွက်နည်းနေသည့်အတွက် ကုန်သိုလှောင်ရာတွင် အခက်အခဲများကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ အမေရိကန်တို့၊ အီးယူဈေးကွက်တို့ကို ပို့ဖို့ဆိုတာက ကုန်ပစ္စည်းအရည်အသွေးကောင်းဖို့လိုတယ်။ စက်ရုံအရည်အသွေးကောင်းဖို့လိုတယ်။ ဒီလိုတွေဖြစ်အောင် လုပ်ဖို့က ငွေကြေးအရင်းအနှီးနဲ့ လျှပ်စစ်မီးလုံလုံလောက်လောက်ရဖို့လိုတယ်။ အရည်အသွေးမြင့်ထုတ်ကုန်တွေရဖို့ ခေတ်သစ်မွေးမြူရေးစနစ်တွေနဲ့ဆောင်ရွက်ဖို့က အအေးခန်းပါတဲ့စနစ်ကလိုအပ်တယ်ဟုပြောသည်။

အအေးခန်းစနစ်ဖြင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေး အသွင်ပြောင်းလဲတည်ဆောက်မှုနှင့် အမယ်စုံထုတ်လုပ်ခြင်းဖြင့် အလားအလာကောင်းသည့် ငါးလုပ်ငန်းပို့ကုန်များ စဉ်ဆက်မပြတ်တင်ပို့ရေး၊ ကမ္ဘာ့ဝယ်လိုအား မြင့်မားနေသည့် အလှမွေးငါးအပါအဝင် ငါးလုပ်ငန်းပို့ကုန်များအတွက် အကျိုးအမြတ်ရရှိစေရေး၊ နိုင်ငံတကာ ငါးလုပ်ငန်းကဏ္ဍတွင် လိုက်နာကျင့်သုံးနေသည့်အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စံချိန်စံနှုန်းများနှင့်ပတ်သက်၍ စိန်ခေါ်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးစသည့်အချက်များက စိန်ခေါ်မှုအသွင်ရှိနေသည်။

လက်ရှိ ပြည်ပသို့ ငါးမျိုးစုံ တင်ပို့နေသည် စက်ရုံပေါင်း ၁၂၃ ရုံခန့်ရှိနေပြီး ထိုထဲမှ ဥရောပနိုင်ငံများသို့ တင်ပို့နေသည့် စက်ရုံပေါင်း ၂၃ ခန့်ရှိကာ ၁၅ ရုံမှာ ပင်လယ်ပြင်မှ သဘာဝငါးများကို တင်ပို့နေခြင်းဖြစ်သည်။ ယခုဘဏ္ဍာရေးနှစ်တွင် ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ခန့်အထိရရှိရန် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ မျှော်မှန်းထားသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2356949901057159?__tn__=K-R

## ပြည်တွင်းဈေးကွက်ရှိသည့် တိုင်းရင်းမျိုးငါးများကို တိုးချဲ့မွေးမြူရန်လိုအပ်

ပြည်တွင်းဈေးကွက်ရှိသည့် တိုင်းရင်းမျိုးငါးများကို တိုးချဲ့မွေးမြူရန်လိုအပ်လာပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများကပြောသည်။ မြန်မာနိုင်ငံရှိ မျိုးရင်းငါးများ တစ်နေ့တခြား ပျောက်ကွယ်စပြုလာသည့်အပေါ် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျပြန်လည်လုပ်ကိုင်သင့်ကာဒေသမျိုးရင်းငါးများသည် ပြည်တွင်း၌ဈေးရရှိသည့် ငါးဖြစ်သောကြောင့် တိုးချဲ့မွေးမြူလာနိုင်ပါက ကောင်းမွန်သည့်ဈေးကွက်တစ်ခုရရှိလာနိုင်ကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ ဦးနေစိုးကပြောသည်။ ငါးမွေးတောင်သူတွေ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်တဲ့အခါမှာ ကိုယ်မွေးတဲ့ ငါးကအရွေးမများဖို့လိုတယ်။ အခုက ကျွန်မတို့က ငါးတန်ဈေးကွက်ကောင်းတယ်လို့ ပြောလိုက်တာနဲ့ အားလုံးကငါးတန်လိုက် မွေးကြတယ်။ လူတိုင်း ဒီငါးကို လိုက်မွေးနေတော့ ဈေးကွက်မှာ ငါးတန်ငါးတွေ ပိုလျှံနေတော့ မွေးသမားတွေ အရှုံးပေါ်ကြတယ်။ အခုချိန်ကတော့ ငါးမဖမ်းရရာသီဖြစ်နေလို့ မွေးတဲ့သူတွေ တွက်ခြေကိုက်သွားတာ။ ငါးဖော်တဲ့အချိန်မှာ ငါးမဖမ်းရရာသီမဟုတ်ဘူးဆိုရင်တော့ မွေးတဲ့သူတိုင်းရှုံးမှာပဲ။ ဒါကြောင့် တစ်ခုတည်းကို ဦးတည်ပြီးမမွေးစေချင်ဘူး။ ဈေးကွက်ရှိတဲ့ တိုင်းရင်းမျိုးငါးတွေကိုလည်း မွေးမြူစေချင်တယ်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။ ငါးမွေးမြူသူများအနေဖြင့် ရှားပါးနေသည့် ငါးအမျိုးအစားများ တိုးချဲ့မွေးမြူလိုပါက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနသို့ အကူအညီ

တောင်းခံနိုင်ကြောင်းသိရသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ငါးရှဥ့်အပါအဝင် ငါးပြေမသားပေါက်ထုတ်လုပ်သည့်လုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိသောကြောင့် ငါးပြေမမွေးမြူလိုသည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်အဖွဲ့ချုပ်သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။ ပြည်တွင်းမှာ ဘယ်လိုငါးတွေ ရှားပါးနေလဲ။ ဘယ်ငါးတွေက ဈေးပိုရလဲ။လတ်တလောမှာဆိုရင် ငါးခူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးရံ့တို့ဆိုတာ တစ်ပိဿာပေါက်ဈေး ကျပ် ၁၅၀၀၀ လောက် ရှိနေပြီ။ ပြည်ပနိုင်ငံမှာဆိုရင် ဒီငါးဈေးက ကျပ် ၃၀၀၀ ကျော်လောက်ပဲရှိတယ်။ ဒါကြောင့် မွေးမြူသူတွေအပိုင်းမှာလည်း ကိုယ်က ဘာကိုမွေးမလဲဆိုတာရှိရမယ်။ ငါးမွေးတောင်သူတွေ အနေနဲ့ မွေးချင်တဲ့ ငါးအမျိုးအစားက ဒီမှာမရဘူးဆိုရင်တောင် ကျွန်မတို့ ပြည်ပကနေတင်သွင်းမယ်၊ ပြုစုပြီးမှရောင်းပေးမယ်ဟု ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ဈေးနှုန်းကြီးမြင့်ကာ ရှားပါးနေသည့်တိုင်းရင်းမျိုးငါးများကို ပြည်တွင်း၌ အလုံအလောက် မွေးမြူထုတ်လုပ်နိုင်ရန်လိုအပ် သောကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေကြသူများ တစ်ဦးနှင့်တစ်ဦးချိတ်ဆက်ဆောင်ရွက်မှုများ တိုးမြှင့်လုပ်ကိုင်သင့်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်များကပြောသည်။ ငါးလုပ်ငန်းဦးစီးဌာနတွင်လည်း ၂၀၁၇ ခုနှစ်တွင် ငါးပြေမကောင်ရေ ၉၃ ကောင်ဖြင့်စတင်၍ သားပေါက်လုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး လက်ရှိအချိန်တွင်လည်းလှော်ကား ငါးစခန်း၌ငါးပြေမသားဖောက်ခြင်းလုပ်ငန်းများကိုလုပ်ကိုင်နေကာ ဆားမလောက်ဒေသတွင်လည်း သားဖောက်ခြင်းလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိကြောင်းသိရသည်။ ငါးပြေမကို သားဖောက်နေရုံသာမက မွေးမြူချင်တဲ့သူတွေကိုလည်း သားပေါက်တွေဖြန့်ဖြူးပေးနေတယ်။ လက်ရှိကျွန်တော်တို့သားဖောက်တာက ထိုင်းငါးပြေမမျိုးဖြစ်တယ်။ ဗီယက်နမ်သားပေါက် ထုတ်လုပ်နိုင်ဖို့အတွက်ကိုလည်း အကူအညီတောင်းထားတာတွေရှိတယ်။ လက်ရှိဈေးကွက်မှာလည်း ထိုင်းကဝင်လာတဲ့ ငါးပြေမကိုတစ်ပိဿာ ကျပ် ၃၅၀၀ ဈေးဖြတ်ပြီး ပြည်တွင်းက မွေးမြူထုတ်လုပ်တဲ့ ငါးပြေမက ကျပ် ၅၀၀၀ ဈေးရတယ်။ ရပ်ကွက်ဈေးတွေမှာဆိုရင် တစ်ပိဿာကို ကျပ် ၇၀၀၀ ကနေ ကျပ် ၈၀၀၀ လောက်ရတယ်။ ဆက်လက်ပြီးတော့လည်း ဗီယက်နမ်နိုင်ငံက ငါးပြေမမျိုးကို ဆက်လက်သားဖောက်သွားဖို့ရှိတယ်ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးကပြောသည်။ မြန်မာနိုင်ငံတွင် ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ ငါးတန်၊ ရေချိုငါးမှတ်၊ ထိုင်းငါးခုံးမ၊ တီလားပီးယား၊ ရွှေဂါငါးကြင်း၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးရံ့၊ ကကတစ်၊ မျိုးစပ်ငါးခူနှင့် ငါးပြေမအစရှိသည့်ငါးများကို စီးပွားဖြစ်မွေးမြူလျက်ရှိကာ အခြားငါးများကိုလည်း စမ်းသပ်မွေးမြူလျက်ရှိသည်။

**Source:** www.thefarmermedia.com

## အုန်းသီးခြောက်အနုလက်ရာ လူသုံးကုန်ပစ္စည်းများ ဝယ်ယူသူများပြီး ထုတ်လုပ်နိုင်မှုနည်းပါးနေ

အုန်းသီးခြောက်များကို ပန်းပုပညာကဲ့သို့ အနုပညာလက်ရာတန်ဖိုးဖြင့်ပေါင်းစပ်ကာ ထုတ်လုပ်သည့် လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများမှာ ဝယ်ယူသူများပြီး ထုတ်လုပ်နိုင်မှုနည်းပါးနေကြောင်း “ ရွှေလက်ရာ ” အုန်းသီးခြောက်လက်မှုလုပ်ငန်းရှင် ဦးဌေးအောင်ထံမှသိရသည်။ ဝယ်လိုအားများပြားမှုကိုအကြောင်းပြု၍ အဆိုပါလုပ်ငန်းမှာ အလုပ်အကိုင်အခွင့်အလမ်းတစ်ရပ်အဖြစ်ရှိနေသော်လည်း အုန်းပင်ပေါများသည့် ဧရာဝတီတိုင်းနှင့်တနင်္သာရီတိုင်းများ၌ပင် ထုတ်လုပ်သူမရှိသလောက်ဖြစ်နေပြီး အုန်းသီးခြောက်ကိုအသုံးပြု၍ မြန်မာနိုင်ငံ၏ ပထမဆုံး လူသုံးကုန်ထုတ်လုပ်သူမှာ မကွေးတိုင်းမှဖြစ်နေသည်။ ထုတ်ကုန်တွေကို မြသလွန်နဲ့ ရွှေစက်တော်ဘုရားပွဲတွေမှာ ဖောက်သည်ပေးတယ်။ ပြည်တွင်းကရော ၊ နိုင်ငံခြားခရီးသွားတွေကရော သဘောကျပြီးဝယ်ကြတယ်။ ဝယ်သူကများပြီးတော့ ထုတ်လုပ်နိုင်မှုက နည်းနေတယ်။ လက်မှုပညာကိုစိတ်ဝင်စားတဲ့လူငယ်တွေ လာရောက်လေ့လာစေချင်ပါတယ်ဟု မကွေးမြို့ ၊ ပွဲကြိုရပ်ကွက် ၊ ဗိုလ်ချုပ်လမ်းတွင် ဆိုင်ဖွင့်ထားသည့် ဦးဌေးအောင်ကပြောသည်။

၂၀၁၁ခုနှစ်ခန့်မှစ၍ အုန်းသီးခြောက်ဖြင့် မျောက်ရုပ်၊ဆင်ရုပ်၊ဥက်ရုပ် စသည့်အရုပ်လေးများ စတင်ထုတ် လုပ်ခဲ့ ကြပြီး လက်ကိုင်အိတ်၊ ဘီး၊ ကလစ်၊ ကြယ်သီး၊ စာရေးကိရိယာထည့်ခွက် ၊ မတ်ခွက် ၊ ရေနွေးအိုး၊ လက်ဖက်အုပ်၊ ပန်းအိုးစသည့်အလှကုန်းပစ္စည်း(၃၀)ကျော်ကို ထုတ်လုပ်လျက်ရှိကြောင်း ၊ အမျိုး အစားအလိုက် တန်ဖိုးသုံးထောင်မှ တစ်သောင်းကျပ်ထိရောင်းချပေးနေကြောင်း ရွှေလက်ရာအုန်းသီးခြောက် လက်မှုလုပ်ငန်းရှင် ဦးဌေးအောင် ၊ ဒေါ်ကြူကြူခိုင်ထံမှသိရသည်။

လုံးဝန်းမနေဘဲ ခါးရှည်သော အချိန်တစ်လခွဲခန့်အခြောက်ခံထားသည့် အုန်းသီးခြောက်များဖြင့် အရုပ်များကို ထွင်းထုကြရကာ စတင်လုပ်စဥ်ကတစ်နေ့အရုပ်တစ်ရုပ်သာလုပ်နိုင်ပြီး ကျွမ်းကျင်လာသည့်အတွက် တစ်နေ့လျင် အရုပ်နှစ်ရုပ်ပြီးကြောင်း ၊ ထုတ်ကုန်များ တိုးထုတ်လုပ်နိုင်ရန် ဖောက်စက် ၊ ကော်ပတ်စားစက်စသည့် စက်များကို ဝယ်ယူလုပ်ကိုင်ရမည်ဖြစ်ကြောင်း လုပ်ငန်းခွင်မှသိရသည်။

၂၀၁၇ခုနှစ်၊ မတ်လ ၂၀ ရက်တွင်ကျင်းပသည့် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်း (SME) ပြိုင်ပွဲတွင် တိုင်းနှင့်

ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်ပေါင်း ၁၂၂ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အုန်းသီးခြောက်လက်မှုပညာဖြင့် မကွေးတိုင်း ဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဦးငွေအောင်က တတိယဆုရရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/photos/a.402008409892052.94627.401968199896073/1346685622090988/?type=1&theater

## ပင်လယ်ရေထွက်ကုန် ငါး၊ ပုစွန်အရှင်များအား ပြည်ပနိုင်ငံများသို့ စက်တင်ဘာလတွင် တိုက်ရိုက်တင်ပို့မည်

ပြည်တွင်းရေထွက်ကုန်တင်ပို့မှုလုပ်ငန်းများ ဝင်ငွေပိုမိုရရှိလာစေရန်အတွက် ပင်လယ်ရေထွက်ကုန်အရှင်များအား ပြည်ပနိုင်ငံများသို့ စက်တင်ဘာလတွင် တိုက်ရိုက်တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။ ပြည်တွင်းပင်လယ်ရေထွက်ကုန်များဖြစ်သော ကျောက်ငါး၊ ကျောက်ပုစွန်၊ ပုစွန်နှင့် ကဏန်းများကို ဟောင်ကောင်၊ ထိုင်ဝမ်၊ မကာအို၊ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သို့ တိုက်ရိုက်တင်ပို့သွားမည်ဖြစ်သည်။ ပြည်တွင်းငါးဖမ်းလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ ပင်လယ်ရေထွက်ကုန်များကို ရှာဖွေနေသည့် ရေလုပ်သားများ ဝင်ငွေပိုမိုရရှိလာစေရန်၊ ငါးဖမ်းလုပ်ငန်းကို မြှင့်တင်ရာရောက်ပြီး ပြည်တွင်းရှိပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်ရည်ရွယ်ကြောင်း Super Search Investment (Hong Kong)Company Limited မှ မြန်မာနိုင်ငံရုံးတာဝန်ခံ ဦးမိုက်အောင်မြင့်ထွန်းကပြောသည်။ မြန်မာနိုင်ငံတွင် လက်ရှိအနေအထားအရ ရေထွက်ကုန်အရှင်များကို အပို့နည်းနေပြီး အေးခဲပြီးသား ရေထွက်ကုန်များကိုသာ ပြည်ပနိုင်ငံများသို့တင်ပို့နေကြောင်း၊ ဈေးကွက်အရပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်ကွာခြားမှုရှိပြီး ပြည်တွင်း၌ ကြိုက်ငါး၊ ကြိုက်ပုစွန်များကို ရောင်းချနိုင်ကြောင်း၊ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်များ တင်ပို့ရန်အတွက် သတ်မှတ်အရွယ်အစား၊ အရည်အသွေးများရရှိစေရန်လိုအပ်ကြောင်း၊ ရေထွက်ကုန်အရှင်တင်ပို့ရာတွင် ကုန်ကျစရိတ်များပြားသော်လည်းဈေးကောင်းပိုမိုရရှိကြောင်းသိရသည်။

မြန်မာနိုင်ငံမှာ လက်ရှိရေထွက်ကုန်တွေကို အရှင်ဖမ်းလေ့ဖမ်းထမရှိတဲ့အတွက်ကြောင့် အရှင်တင်ပို့နိုင်ဖို့အတွက် ထုပ်ပိုးပြီး သယ်ဆောင်နိုင်ဖို့ကို ဒီနေ့ကစပြီး သင်တန်းတွေပို့ချပေးနေပါတယ်။ ပြည်တွင်းအလုပ်အကိုင်ရရှိရေးနဲ့ နည်းပညာပါရရှိအောင် သင်တန်းပို့ချပေးနေကြောင်းသိရသည်။ အဆိုပါ ပြည်တွင်းရေထွက်ကုန်များကို ထုပ်ပိုးသယ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ဇူလိုင် ၂၉ ရက်မှစတင်၍ သင်တန်းသား သင်တန်းသူ ၂၆ ဦးအား ဝါရင့်နိုင်ငံခြားပညာရှင်နှစ်ဦးက သင်တန်းပို့ချပေးလျက်ရှိပြီး သင်တန်းအား ဇူလိုင် ၃၁ ရက်အထိ ပို့ချပေးမည်ကြောင်းနှင့်ပင်လယ်ရေထွက်ဒေသများဖြစ်သော မြိတ်၊ ဘုတ်ပြင်းနှင့် ကော့သောင်းမြို့များတွင်လည်း သင်တန်းများ ထပ်မံပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် ပင်လယ်ရေထွက်ကုန်များတင်ပို့ရန်အတွက် ပထမဦးစားပေးအဆင့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဦးစားပေးအနေဖြင့် ရခိုင်ပြည်နယ်၊ တတိယဦးစားပေးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတို့အား ရွေးချယ်ထားကြောင်းနှင့် ရေထွက်ကုန်များကို အချိန်မီတင်ပို့နိုင်ရန်အတွက် လေကြောင်းလိုင်းအား ရွေးချယ်ထားပြီးဖြစ်ကြောင်းလည်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily

## ကလေးမြို့နယ်၌ ဝါးတောကြီးများပျောက်ကွယ်ရှားပါးလာခဲ့မှု တမူး၊ ကဘော်ဒေသနှင့် မဟာမြိုင်တောထွက်မျှစ်များ ဈေးကောင်း



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ဝါးတောကြီးများ ပျောက်ကွယ်ခဲ့ပြီး ဝါးပင်ပေါက်ရောက်မှုနည်းပါးလာသည့်အတွက် တမူး၊ ကဘော်ဒေသနှင့် မဟာမြိုင်တောထွက် မျှစ်များဝယ်ယူမှုများလာ၍ မျှစ်ချိုးရောင်းချသူများနှင့် တမူးမျှစ်ပေါင်းလုပ်ကိုင်သူများ၊ မျှစ်ချဉ်ထုတ်လုပ်သူများ ဈေးကောင်းရပြီးအဆင်ပြေလျက်ရှိကြောင်းသိရသည်။ ကလေးမြို့နယ်အတွင်းမှာတော့ ဝါးတောမရှိသလောက်ရှားသွားတဲ့အတွက် ဒေသထွက်မျှစ်ရှားတယ်။ အခုဈေးထဲမှာလာရောင်းနေကြတဲ့ဈေးသည်တွေက တမူး၊ ကဘော်ဘက်ကလာတဲ့မျှစ်တွေနဲ့ ကလေးဝ မဟာမြိုင်တော ထဲကလာတဲ့ မျှစ်တွေဖြစ်ပါတယ်။ အခုနှစ်ရာသီပေါ်မျှစ်ဈေးကောင်းတဲ့အတွက် မျှစ်ချိုးရောင်းသူတွေလည်းကိုက်တယ်။ မျှစ်ချဉ်၊ မျှစ်ပေါင်း ထုတ်လုပ်သူတွေလည်း

အဆင်ပြေဈေးကောင်းရတယ်ဟု ကလေးမြို့ စိမ်းလန်းဈေးမှ မျှစ်ပွဲရုံပိုင်ရှင် ဒေါ်လှလှက မြန်မာ တိုင်းမ်နေ့စဉ်သို့ ဇူလိုင် ၂၆ ရက်တွင် ပြောဆိုခဲ့သည်။

ကလေးဒေသတွင် ယခင်နှစ် ၃၀ ကျော် ကာလများက ဘုန်းချောင်းဝါးတော၊ နတ်တံခါးဝါးတော၊ ထန်တောင်ဝါးတော ဟူ၍ရှိခဲ့ရာ ယခုအခါ အဆိုပါဝါးတောများ ပျောက်ကွယ်လျက်ရှိပြီး ရာသီပေါ်မျှစ်ကို တမူး၊ ကဘော် ဒေသဘက်မှလည်းကောင်း၊ မဟာမြိုင်တောမှလည်းကောင်း လာရောက်ရောင်းချသည့်မျှစ်များကိုသာ ကလေးဒေသခံတို့ ဝယ်ယူစားသုံးနေကြရခြင်းဖြစ်သည်။ ကလေးဈေးကွက်ရောက် တမူး၊ ကဘော်မျှစ်မှာ ကဘော်ချိုင့်ဝှမ်း ဝါးတောများမှလည်းကောင်း၊ ဘုက္ကန်ရွာဝန်းကျင် အိန္ဒိယ-မြန်မာ နယ်စပ်တောများမှလည်းကောင်း ထွက်ရှိသည့် မျှစ်များဖြစ်ပြီး မဟာမြိုင်မျှစ်မှာ ကလေးဝမြို့ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ကလေးဝ-ရေဦး- မဟာမြိုင်ကားလမ်းတစ်လျှောက်ရှိ ဝါးတောမှ ထွက်ရှိသော မျှစ်များဖြစ်သည်။ တမူး၊ ကဘော် ဒေသမှထွက်သော မျှစ်များကို နာမည်ကျော် တမူးမျှစ်ပေါင်းအဖြစ် အများဆုံးထုတ်လုပ်ရောင်းချကြပြီး မဟာမြိုင်တောမှထွက်သည့် မျှစ်ကိုမျှစ်ပြုတ်အဖြစ်လည်းကောင်း၊ မျှစ်စိမ်းအဖြစ်လည်းကောင်း၊ မျှစ်ချဉ်အဖြစ်လည်း ကောင်းထုတ်လုပ်၍ ကလေးမြို့ ဈေးကွက်သို့တင်ပို့ရောင်းချကြသည်။

"အခုရက်ပိုင်း ကလေးဝ၊ တမူးကျေး လက်နေ ဒေသခံအတော်များများ မျှစ်ချိုး ရောင်းကြတဲ့သူတွေများတယ်။ တောထဲကို ဆိုင်ကယ်နဲ့သွားပြီး မျှစ်ချိုးတယ်။ မိုင်သုံး၊ လေးငါးဆယ်အထိ မျှစ်ချိုးသွားကြရတယ်။ ကလေးမြို့ ဈေးကွက်မှာ မျှစ်တစ်ပိဿာကို ကျပ် ၂၀၀၀ ကနေ ၃၀၀၀ အထိ အရောင်း အဝယ်ဖြစ်တယ်။ တမူးမျှစ်ပေါင်းအဖြစ်ထုတ်လုပ်ရောင်းမယ်ဆိုရင် မျှစ်ပေါင်း တစ်ပိဿာ ကျပ် ၄၀၀၀ ဝန်းကျင်အထိ ဈေးရပြီး မျှစ်ချဉ် တစ်ပိဿာကို ကျပ် ၃၀၀၀ ဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်ဟု မဟာမြိုင်တောသို့ သွားရောက်၍ မျှစ်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူ ဦးစိုးတင့်ကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/126232.html

## ဂျပန်နိုင်ငံ၏ကူညီမှုဖြင့်ရေးဆွဲခဲ့သည့် National Logistics Master Plan အရ ၂၀၃၀ ပြည့်နှစ်တွင် ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ လက်ရှိထက် သုံးဆပိုမိုမြင့်တက်မည်ဟု ပြည်ထောင်စုဝန်ကြီးပြောကြား




ဂျပန်နိုင်ငံ၏ကူညီမှုဖြင့် ရေးဆွဲခဲ့သည့် National Logistics Master Plan အရ ၂၀၃၀ခုနှစ်တွင် ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ လက်ရှိထက် သုံးဆပိုမိုမြင့်တက်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဇူလိုင် ၂၇ ရက်က ပြောကြားသည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက JICA အကူအညီနဲ့ ဆောင်ရွက်ခဲ့တဲ့ Myanmar National Transport Master Plan နှင့် National Logistics Master Plan 2017လေ့လာရေးလုပ်ငန်းတွေကို အလျဉ်းသင့်လို့ ဆွေးနွေးလိုပါတယ်။ Myanmar National Transport Master Plan မှာဆိုရင် ကျွန်တော်တို့ဟာ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍကို မြှင့်တင်ပေးဖို့အတွက် အဓိကကျတဲ့လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ပေးဖို့လိုတယ်ဆိုပြီး အကြံပြုထားပါတယ်။ National Logistics Master Plan မှာ လာမည့် ၂၀၃၀ ခုနှစ်ရောက်လျှင် ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ (Cargo Demand) ဟာ အခုလက်ရှိထက် သုံးဆပိုမိုမြင့်တက်လာမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဇူလိုင် ၂၇ ရက်ကပြုလုပ်သည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံသုံးရေယာဉ်သစ် BH 101 လွှဲပြောင်းပေးအပ်ပွဲ၌ ပြောကြားသည်။

ရန်ကုန်ဆိပ်ကမ်း၌ သုံးနှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ရှစ်စင်းအသစ်တည်ဆောက်ပြီးစီးခဲ့ပြီး လက်ရှိတွင် ဆိပ်ခံတံတား ၄၁ စင်းဖြင့် ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာရေကြောင်း ကုန်သွယ်မှုပမာဏ၏ ရာခိုင်နှုန်း ၉၀ ကျော် လက်ခံဆောင်ရွက်နေသည့် ရန်ကုန်ဆိပ်ကမ်း၌ သုံးနှစ်တာကာလအတွင်း ဆိပ်ခံတံတားရှစ်စင်း အသစ်တည်ဆောက်ပြီးစီးခဲ့ပြီး လက်ရှိတွင်ဆိပ်ခံတံတား ၄၁ စင်းအထိ ရှိလာကာ ဆိပ်ကမ်းဝန်ဆောင်မှုများ လက်ခံဆောင်ရွက်ပေးနေကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း အလျားမှာ ၁၃၈၅ မိုင်ရှိပြီး အဆိုပါကမ်းရိုးတန်းတစ်လျှောက် ဆိပ်ကမ်းပေါင်း ကိုးခုခန့်ရှိကာ ယင်းဆိပ်ကမ်းများတွင် ရန်ကုန်ဆိပ်ကမ်းသည် အဓိကဆိပ်ကမ်းကြီးတစ်ခု ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ

ရေကြောင်းကုန်သွယ်မှုပမာဏ၏ ရာခိုင်နှုန်း ၉၀ ကျော်ကို ရန်ကုန်ဆိပ်ကမ်းမှ လက်ခံဆောင်ရွက်နေခြင်း ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို လုပ်ဆောင်ရာတွင် ယခင်နှစ်များက ရန်ကုန်ဆိပ်ကမ်းအတွင်း အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၃၃ စင်းရှိပြီး သုံးနှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ရှစ်စင်းတည်ဆောက်ပြီးစီးခဲ့သဖြင့် ဆိပ်ခံတံတား ၄၁ စင်းအထိ ရှိလာပြီဖြစ်ကာ ဆိပ်ကမ်းဝန်ဆောင်မှုများကို လက်ခံဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်းသိရသည်။ ထပ်မံ တည်ဆောက်ပြီးစီးခဲ့သည့် ဆိပ်ခံတံတားများတွင် မီတာ ၂၀၀ ရှည်သည့် G reen Asia ဆိပ်ခံတံတား၊ Elite Petro Chemical ဆိပ်ကမ်း၊ Wilmar International ဆိပ်ခံတံတားနှင့် International Bulk Terminal Thilawa တို့ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/125411

## ယခုနှစ် ပြည်ပဆန်တင်ပို့မှု တန်သုံးသိန်းကျော် လျော့နည်းနိုင်



မြန်မာနိုင်ငံက ပြည်ပသို့ ဆန်တင်ပို့မှုမှာ ယခုနှစ်တွင် တန်သုံးသိန်းကျော် လျော့နည်းသွားနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှသိရသည်။ ၂၀၁၈ ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၄ သန်း တင်ပို့ခဲ့ပြီး ယခုနှစ်၌ တန်ချိန်နှစ်သန်းကျော်သာ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသဖြင့် ၂၀၁၉ ခုနှစ်တွင် ပြည်ပတင်ပို့မှု လျော့နည်းသွားမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုကပြောဆိုခဲ့သည်။

၂၀၁၉ မှာ မှန်းတာက နှစ်သန်းကျော် ကျော်လောက်ပဲရှိတာဆိုတော့ မနှစ်ကထက်စာရင် တန်ချိန် သုံး၊ လေးသိန်း လောက်တော့ နည်းသွားလိမ့်မယ်။ ပြည်ပတင်ပို့မှုကျလာတဲ့ အကြောင်းက ဈေးကွက်ဝယ်လိုအားပါပဲ။ မနှစ်ကဆို ၁ ဒသမ ၈ သန်းလောက်အထိ တရုတ်ကိုပို့ခဲ့တယ်။ နယ်စပ်က နှစ်ဖက်ညှိနေရလို့ကြန့်ကြာတာရှိတယ်။ တစ်ဖက်က အာဖရိက ဈေးကွက်ကလည်း တုံ့ဆိုင်းနေတယ်။ အဓိကအားပြုနေတာက တရုတ်၊ အာဖရိကပါပဲ၊ အင်ဒိုနီးရှားဈေးကွက်ကလည်း မှတ်ပုံတင်အခက်အခဲကြောင့် တုံ့ဆိုင်းသွားတာရှိပါတယ်ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုကပြောဆိုသည်။ မကြာခင် မြန်မာ့ဆန်ဈေးကွက်ပြန်လည်ဦးမော့လာရန် ဝန်ကြီးဌာနဘက်ကလည်း ကြိုးစားသွားမည်ဟုသိရသည်။ ဈေးကွက် ဦးမော့ဖို့ ဌာနဆိုင်ရာကဈေးကွက်ရှာပေးတယ်။ နိုင်ငံချင်း ကတိကဝတ်တွေဆောင်ရွက်ပေးတယ်။ ကုန်စည်ရဲ့ ကွာလတီ ပိုင်းကိုမြှင့်တင်ဖို့လိုပါမယ်။ အရည်အသွေးမြင့်ဆန်တွေ ပိုမိုထုတ်လုပ်လာရင် ဈေးကွက်ပိုအဆင်ပြေလာမယ်။ အခု ဒီဘက်က ၂၅ မှတ်ဆန်ဈေးကွက်ကိုပဲ အဓိကအားပြုနေတော့ အဲဒီဈေးကွက်ဝယ်သူကရပ်သွားရင် ဈေးကွက်ပါတန့်သွားတာဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုကပြောဆိုသည်။

ဆန်စပါးကဏ္ဍသည် နိုင်ငံတွင်အရေးပါသဖြင့် ဆန်တင်ပို့မှုပြန်လည်ဦးမော့လာရန် မျှော်လင့်နေသည်ဟု ဆန်စပါးထုတ်လုပ်တင်ပို့သည့် လုပ်ငန်းရှင်များက ပြောဆိုနေကြသည်။ ပြည်ပသို့တင်ပို့ရာမှာ အခွန်ကင်းလွတ်ခွင့်ရရန်နှင့် ဈေးကွက်ရရန် ဝန်ကြီးဌာနဘက်က ဆောင်ရွက်ပေးမည်ဖြစ်ပြီး ထုတ်ကုန်အရည်အသွေးမြှင့်တင်ရန် ဆန်စပါးထုတ်လုပ်ရောင်းချနေသူများဘက်က ကြိုးစားရန်လိုအပ်သည်ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက ဆက်လက်ပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/126254.html

## ကြံ ၊ သကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲရလာဒ်မှ ဘုံသဘောတူညီချက် (၃)ခုအား စီးပွားကူးသန်းဂန်ကြီးဌာနသို့ တင်ပြသွားမည်




ကြံ ၊ သကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲရလာဒ်မှ ဘုံသဘောတူညီမှုများအား စီးပွားကူးသန်းဂန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဂင်းဌေးက ပြောသည်။ Re-export ပိတ်ထားရန်၊ လုပ်ငန်းသုံးသကြား (Refine sugar) ကို သုံးနိုင်သည်ထက် ပိုမသွင်းရန်အတွက် လုပ်ငန်းလိုင်စင် စီစစ်ပေးရန်၊ တရုတ်နိုင်ငံသို့

သကြားတင်ပို့နိုင်ရန် အမြန်ဆုံးဆောင်ရွက်ပေးရန် စသည့်အချက် သုံးချက်ကို ကြံစိုက်တောင်သူစုအဖွဲ့၊ သကြားစက်လုပ်ငန်းရှင်များအစုအဖွဲ့၊ သွင်းကုန်ထုတ်ကုန် ကုန်သည်များ ပြည်တွင်းကုန်သည်များအစုအဖွဲ့တို့က ဘုံသဘောတူညီခဲ့ကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားထုတ်လုပ်မှုကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဇူလိုင်လ (၂၅) ရက်နေ့က မန္တလေးမြို့ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ကြံ သကြား ဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲရလာဒ်များအရသိရသည်။ သဘောတူညီချက်တွေကို စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ စီးပွားကူးသန်းဝန်ကြီးကို တင်ပြသွားမယ်လို့ သိရတယ်၊ တူညီတာတော့ ဒီသုံးချက်ဘဲ မတူညီတာတော့ အများကြီးဘဲ၊ ကျန်တာကတော့ ကိုယ်လိုရာ တောင်းဆိုကြတာပါ၊ တစ်ကယ့်အဖြေကတော့ စီးပွားကူးသန်းဝန်ကြီးပေါ်မူတည်ပါတယ်ဟု ဦးဝင်းဌေးက ပြောသည်။ ကြံတောင်သူများအနေဖြင့် ကြံတစ်တန် လေးသောင်းခွဲဈေးပေးရန်၊ ဘဏ်ချေးငွေကိစ္စနှင့် သစ်တောမြေကိစ္စများ တောင်းဆိုခဲ့ပြီး၊ ကြံစက်ပိုင်များအနေဖြင့် ကြံသကာမှ တက်လဲရည်ချက်နိုင်ရန် အရက်ချက်လိုင်စင်ပေးရန်၊ ကြံကုန်သည်များအနေဖြင့် တရုတ်နိုင်ငံသို့ သကြားအမြန်ဆုံးရောင်းချနိုင်အောင် စီစဉ်ပေးရန် တောင်းဆိုကြကြောင်း သိရသည်။

စီးပွားကူးသန်းဝန်ကြီးအနေဖြင့် လုပ်ငန်းရှင်များအသုံးပြုနေသည့် Refine sugar များအား ကုန်သည်များထံ၌ပိုနေသည့် Refine သကြားများဖြင့် အစားထိုးရောင်းချနိုင်ရန် ထုတ်ပြန်ပြီး နယ်စပ်ဒေသတွင် တရားမဝင် တင်သွင်းလာသည့် သကြားများအား ဂိုဒေါင်များတွင်တွေ့ရှိပါက ထုတ်ကုန်သွင်းကုန်အက်ဥပဒေအရ အရေးယူမည့် ကြေညာချက်များ ထုတ်ပြန်သင့်ကြောင်း ဦးဝင်းဌေးက အကြံပြုထားသည်။ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်သည့်စနစ်ကို အသုံးပြုမည်ဆိုပါကလဲ တရုတ်အစိုးရဘက်မှ အသိအမှတ်ပြုသည့် ထောက်ခံချက်လက်မှတ် (GACC) ရှိရန်လိုအပ်ပြီး ထိုထောက်ခံချက်ရရှိနိုင်ရန် စီးပွားကူးသန်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထောက်ခံချက်လက်မှတ် ထုတ်ပေးရန်လိုအပ်ကြောင်း သကြားကုန်သည်များထံမှ သိရသည်။ စီးပွားရေးလုပ်ငန်းတူချင်း B to B စာချုပ်ရင်လဲ သူတို့လိုချင်တဲ့ အရည်အသွေးနဲ့အညီ ထုတ်လုပ်ထားတယ်ဆိုတဲ့ အသိအမှတ်ပြုတာကို စီးပွားကူးသန်းတို့ လယ်ဆည်တို့က ဘယ်စက်ရုံကတော့ GACC ဂိုက်လိုင်းနဲ့အညီလုပ်တယ်၊ အဲ့စက်ရုံကဝယ်ဆိုတဲ့ ထောက်ခံချက်ပေးရမှာဟု ဦးဝင်းဌေးကရှင်းပြသည်။ ယခင်က သကြားဈေးတစ်ပိဿာလျှင် ထောင့်နှစ်ရာပေါက်ဈေးရှိရာမှ တရုတ်နိုင်ငံမှ သကြားမဝယ်သည့်နောက်ပိုင်း၌ သကြားဈေးကျဆင်းလာပြီး လက်ရှိ၌ သကြားဈေးတစ်ပိဿာလျှင် (၉၈၀) ကျပ်သာ ပေါက်ဈေးရှိကြောင်း သကြားလုပ်ငန်းရှင်များထံမှသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## တီးတိန်၌ စပါးထွက်နှုန်းတိုးရေး သိပ္ပံနည်းကျစိုက်ပျိုးနည်းသရုပ်ပြသ



ချင်းပြည်နယ် တီးတိန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၉ ခုနှစ် မိုးရာသီစပါးထွက်နှုန်း ပိုမိုတိုးတက်ရေးကို ရည်မှန်းလျက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်နှင့် အညီ လက်တွေ့ကွင်းတွင် သရုပ်ပြသခြင်းကို ဇူလိုင် ၂၆ ရက်က တီးတိန်မြို့နယ် ဒေါ်လွင်ကျေးရွာအုပ်စု ဖိုဇန်ကျေးရွာနေ တောင်သူ ဦးကျင့်ခင်း တွောင်လယ်ကွက်၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန် အောင် စိုက်ပျိုးနိုင်မှ အထွက်နှုန်း ပိုမိုတိုးတက်လာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့က သွားရောက်ပြီး လက်တွေ့ကွင်းမှာ သရုပ်ပြသခဲ့ခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားတွေက စိတ်ပါဝင်စားစွာ လိုက်နာစိုက်ပျိုးကြပါ တယ်ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးထျန်းရိုပုမ်က ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/126231.html

## ပုံးရည်ကြီးကို ကမ္ဘာကသိရှိအောင် မိတ်ဆက်ရန်စီစဉ်နေ

မြန်မာ့အစားအစာအဖြစ် ပုံးရည်ကြီးကို ကမ္ဘာတစ်ဝန်းသိရှိအောင် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဉက္ကဋ္ဌ ဦးနေလင်း၏ ပြောကြားချက်အရသိရပါတယ်။ ယခုနှစ်အတွင်း ပုံးရည်ကြီးကို ဂျပန်နိုင်ငံတွင် သွားရောက်ပြသမည့် ပြပွဲတစ်ခုတွင် မိတ်ဆက်ရန်ရှိပြီး အသေးစိတ်ကိုညှိနှိုင်းရခြင်းမရှိသေးကြောင်း၊ ပုံးရည်ကြီးကို ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင်ထုတ်လုပ်ပြီး လူကြိုက်များသည့် အစားအစာတစ်ခုဖြစ်၍ ယခုကဲ့သို့မိတ်ဆက်ရန် လျာထားခြင်းဖြစ်ကြောင်း သိရပါတယ်။

ပုံးရည်ကြီးကို ဒုတိယခြေလှမ်းအနေနဲ့ ကမ္ဘာကသိအောင် မိတ်ဆက်ဖို့ရှိပါတယ်။ ပုံးရည်ကြီးက မြန်မာ့အစားအစာထဲမှာပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသထွက်အစားအစာလည်းဖြစ်တယ်။ ပုံးရည်ကြီး မကြိုက်တဲ့သူ အတော်နည်းပါတယ်။ မြန်မာတွေစားသုံးတဲ့ အစားအစာကိုပြသဖို့ ရည်ရွယ်တာပါဟု ဦးနေလင်းက ပြောကြားခဲ့ပါတယ်။

လက်ရှိတွင် မြန်မာ့အစားအစာကို ကမ္ဘာကသိစေရန် မုန့်ဟင်းခါးကို ပထမခြေလှမ်းအဖြစ် မိတ်ဆက်ထားပြီးဖြစ်၍ ပြည်ပနိုင်ငံတို့တွင်လည်း မုန့်ဟင်းခါးကို မြန်မာ့အစားအစာအဖြစ် သိရှိနေပြီဖြစ်ကြောင်း သိရပါတယ်။ ၎င်းအစီအစဉ်ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2202-poneyegyi.html

## ၂၀၁၂ ခုနှစ်နောက်ပိုင်းမှစတင်ကာ မူဆယ်နယ်စပ်မှ ဆန်အပါအဝင်လယ်ယာထွက်ကုန်တင်ပို့မှု အဆိုးဝါးဆုံးအခြေအနေဖြစ်နေ

တရုတ်နိုင်ငံမှ အမျိုးသားအကျိုးစီးပွားကာကွယ်ရေးနှင့်ဓါတုဒြပ်ကြွင်းကင်းစင်သည့်သွင်းကုန်များ ဖြစ်ပေါ်လာစေရေးအတွက် ပြည်ပမှတင်သွင်းလာသည့် သွင်းကုန်များအပေါ် စိစစ်ကြပ်မတ်မှုများ ပြုလုပ်နေသဖြင့် ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် တရုတ်နိုင်ငံသို့ ဆန်အပါအဝင်လယ်ယာထွက်ကုန်တင်ပို့မှုမှာ အဆိုးဝါးဆုံးအခြေအနေဖြစ်ပေါ်နေသည်ဟု မူဆယ်နယ်စပ်ကုန်သည်ကြီးများကဆိုသည်။ ၂၀၁၂ က စတင်ပြီး ပြည်တွင်းကုန်တွေကိုတရားဝင်တင်ပို့ခွင့်ပြုလိုက်တယ်။ ဒီအချိန်က စလို့နှစ်စဉ်တရုတ်ကို ဆန်အပါအဝင်ပြောင်းသကြားစတဲ့လယ်ယာထွက်ကုန်တွေ ဆက်တိုက်တင်ပို့လာတာ။ အခုနှစ်အခြေအနေကတော့ တရုတ်နိုင်ငံဖက်က ပေးမသွင်းတော့ဘူး။ ဒီဖက်ကတရားဝင်တင်ပို့ခွင့်ရပေမယ့်ဟိုဖက်က တရားမဝင်အဖြစ်သတ်မှတ်ထားတာကြောင့် ဆန်တင်ပို့မှုက သိသိသာသာကျသွားတယ်။ ၂၀၁၂ နောက်ပိုင်းကစလို့ အဆိုးဆုံးအခြေအနေလို့ပြောရမှာဘဲဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးချမ်းသာဦးကဆိုသည်။

ဆန်တင်ပို့မှုမှာ တရုတ်နိုင်ငံဖက်မှ စက်မှုကုန်ကြမ်းအတွက် သာတင်သွင်းခွင့်ပြုနေသည့် အတွက်တစ်ရက်လျှင်ကားအစီးရေ(၂၀)ခန့်သာ တင်ပို့နိုင်သည့်အနေအထားတွင်ရှိနေသည်ဟုလည်းဆိုသည်။ ဆန်အပြင် သကြားတင်ပို့မှုကိုလည်းကန့်သတ်လိုက်သည့်အတွက် ကန်ထရိုက်ဖန်းမင်းစနစ်ဖြင့် စိုက်ပျိုးထားသည့်ကြံစိုက်တောင်သူများအတွက် စိုက်ပျိုးစားရိတ်ရှင်းပေးရန်အခက်အခဲများနှင့်လည်း သကြားစက်ရုံများကရင်ဆိုင်နေရသည်ဟု ဦးချမ်းသာဦးကဆိုသည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှာတရုတ်မြန်မာနယ်စပ်ကုန်သွယ်ရေးတွင်သာမကမြန်မာနိုင်ငံ၏အကြီးဆုံးနယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုလည်းဖြစ်နေပြီးပြည်တွင်းမှလယ်ယာထွက်ကုန်များကို အဓိကတင်ပို့နေခြင်းလည်းဖြစ်သည်။ ယခုလို နယ်စပ်ကုန်သွယ်မှုကျဆင်းနေသည့်အခြေအနေများအား နိုင်ငံတော်အတိုင်ပင်ခံအပါအဝင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့လည်းတင်ပြမှုများပြုလုပ်ထားပြီး တရုတ်နိုင်ငံဖက်သို့ လယ်ယာထွက်ကုန်များ အမြန်ဆုံးပြန်လည် တင်ပို့နိုင်ရန် နှစ်နိုင်ငံကုန်သည်များအချင်းချင်းညှိနှိုင်းမှုများလည်းပြုလုပ်နေသည်ဟုသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## ကြက်သွန်ဈေးတက်လာသော်လည်း လက်ရှိဈေးထက်ပိုရရန် တောင်သူများမျှော်လင့်နေ

ယခုနှစ် ကြက်သွန်သီးနှံ စတင်ထွက်ရှိချိန်က ဈေးနှုန်းကျဆင်းသဖြင့် တောင်သူများနေဖြင့် ကြက်သွန်များကို သိုလှောင်ထားခဲ့ရပြီး လက်ရှိအချိန်တွင် စပေါ်ချိန်ထက် ဈေးတက်လာသော်လည်း ယခုဈေးထက် ဈေးပိုရမှသာ ကြက်သွန်စိုက်တောင်သူများ အဆင်ပြေမည်ဖြစ်သဖြင့် ဈေးပိုမိုရရှိရန် တောင်သူများကမျှော်လင့်နေကြကြောင်း မလှိုင်မြို့နယ် ကူကြီးကျေးရွာအုပ်စုရှိ ကြက်သွန်စိုက်တောင်သူများထံမှသိရသည်။ ပြီးခဲ့သောနှစ်က ကြက်သွန်စတင်စိုက်ပျိုးရန် မျိုးစေ့ တစ်ပြည်

လျှင် ကျပ်ရှစ်သောင်းခန့်နှင့် နောက်ပိုင်းတွင် ကျပ်တစ်သိန်းခန့်အထိပေး၍ ဝယ်ယူခဲ့ရကြောင်း၊ မလှိုင်မြို့နယ်မှ ကြက်သွန်များသည် တပေါင်းလ၊ တန်ခူးလတို့တွင် စတင်ထွက်ရှိပြီး ထိုအချိန်က တစ်ပိဿာလျှင် ကျပ် ၃၅၀ မှ ၃၆၀ ခန့်သာရှိခဲ့၍ ကြက်သွန်စိုက်တောင်သူအချို့က ရောင်းချခဲ့သော်လည်း မရောင်းဘဲသိုလှောင်ထားခဲ့သူများလည်းရှိကြောင်း ဒေသခံတောင်သူများထံမှသိရသည်။ ကြက်သွန်တစ်ဧကမှာ ကုန်ကျစရိတ်အနေနဲ့ စိုက်စရိတ်ရယ်၊ ပျိုးစရိတ်ရယ်၊ ဆီဖိုးရယ်၊ အလုပ်သမားခတွေရယ်၊ ပိုက်ဖိုးတွေရယ်၊ တကယ်တွက်မယ်ဆို တစ်ဧကကို ကျပ် ၁၀ သိန်းနှင့် ၁၅ သိန်းလောက်ရှိတယ်၊ ကြက်သွန် တစ်ဧကမှာ ကုန်ချိန် ၅၀၀၀ ထွက်တယ်ဆိုရင် ကျွန်တော်တို့ရောင်းစားခဲ့ရတာ တစ်ပိဿာကို ကျပ် ၃၅၀။ ရတဲ့ ပိုက်ဆံနဲ့ ကျွန်တော်တို့ကုန်ကျစရိတ်က မကာမိဘူး။ ငွေတိုးနဲ့စိုက်ရသူတွေအတွက် ဘယ်လိုမှမကိုက်သလို ကိုယ့်အရင်းအနှီးနဲ့ကိုယ် စိုက်ပျိုးသူတွေအတွက်လည်း မကျန်ပါဘူး၊ နိုင်ငံခြားကြက်သွန်တွေနဲ့ ကျွန်တော်တို့ ကြက်သွန်တွေ ယှဉ်တဲ့အခါမှာလည်း ဟိုကြက်သွန်က ဈေးချိုတယ်ဆိုတော့ နိုင်ငံခြားကြက်သွန်ကို လူတွေကသုံးကြတယ်၊ ကျွန်တော်တို့တောင်သူတွေ ဘယ်လိုမှ တွက်ခြေမကိုက်တော့ တဖြည်းဖြည်းနဲ့ အရင်လိုမစိုက်နိုင်တော့ဘူးပေါ့ဟု သရက်ကန်ကျေးရွာနေ ကြက်သွန်စိုက်တောင်သူ ဦးဝင်းမြင့်ကပြောသည်။ လက်ရှိဈေးနှုန်းမှာ ကြက်သွန်တစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၆၅၀ ခန့် ရရှိနေပြီ ဖြစ်ရာ ထိုဈေးနှုန်းနှင့် ပတ်သက်၍လည်း ဦးဝင်းမြင့်က ပေါ်ပေါ်ချင်းမှာ ကျပ် ၅၀၀ လောက် ရောင်းခဲ့ရရင်တော့ တောင်သူတွေအတွက် မဆိုးဘူးပေါ့၊ ကျွန်တော်ဆိုရင် ၁၀ ဧကလောက်စိုက်ပါတယ်။ အရင်းအနှီးတင် သိန်းရာကျော်ရှိတယ်။ ပထမဆုံး ပေါ်ပေါ်ချင်း ရောင်းစားရတာ ၃၅၀၊ ၃၆၀ ဆိုတော့ အရင်းကိုမရသေးပါဘူး။ ဒါကြောင့်တချို့ကိုရောင်းပြီး ကျန်တဲ့ ကြက်သွန်ကိုလှောင်ထားတယ်။ လှောင်ထားတာ လေးလ၊ ငါးလရှိပါပြီ၊ ဒီကြက်သွန်ကို အခုအချိန်မှာ ၆၀၀၊ ၆၅၀ ရောင်းရပေမယ့် ပုပ်တာနဲ့၊ ဒါတွေကို သန့်ရတဲ့အလုပ်သမားစရိတ်နဲ့ဆိုတော့ ဘယ်လိုမှမကာမိပါဘူး။ ကြက်သွန်က လေးငါးလလောက်ထားရင် ကုန်ချိန် ၁၀၀၀ မှာ ၃၀၀ လောက်လျော့ပါတယ်။ အလုပ်သမားခနဲ့ ကုန်ချိန်လျော့တာနဲ့ဆို လက်ရှိဈေး ၆၀၀၊ ၆၅၀ ကလည်း တောင်သူ တွေအနေနဲ့ လုံးဝမကိုက်ပါဘူး၊ ကျပ် ၉၀၀၊ ၁၀၀၀ လောက်ရဖို့ မျှော်လင့်ပါတယ်၊ ဒီလောက်ရရင်တောင် ကျွန်တော်တို့တောင်သူတွေအဖို့ များများမကျန်ပါဘူးဟု ဆက်ပြောပြသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## STOCK EXCHANGE (30.7.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 30th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 4,115 | 45,265,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 6,990 | 23,416,500 | 38,929,150 | 130,413 |
| MCB | 00003 | 8,000 | -200 | -2.44% | 8,000 | 8,000 | 8,000 | 15 | 120,000 | 10,400,986 | 83,208 |
| FPB | 00004 | 24,500 | +0 | +0.00% | 24,500 | 24,500 | 24,500 | 5 | 122,500 | 2,472,053 | 60,565 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.57 | -1.52 | -0.34% | 448.09 | 448.09 | 446.57 | 11,125 | 68,924,000 | 5 | 609,675 |

### Index chart




# Market Overview

As of 11:00 am, 30th Jul. 2019

| MYANPIX | 448.09 ▲ 0.00 |
|---|---|
| Total Volume (shares) | 4,205 |
| Total Value (MMK) | 23 mil |
| Listed Company | 5 |
| Market Cap. (MMK) | 611,755 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 24,500 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |